# <u>ကာစထရိုသို့မဟုတ်အနောက်တိုင်းကမ်းရိုးတန်းဆောင်</u>

ကျူးဘားနိုင်ငံရဲ့သမိုင်းဝင်ခေါင်းဆောင်ကြီးဖီဒယ်လ်ကာစထရိုကွယ်လွန်သွားပြီဆိုတဲ့သတင်းကို ကြားရတဲ့အခါမှာ ကျွန်တော် တို့ဟာ အဖြစ်မှန်မို့သာလက်ခံလိုက်ရတယ်ဆိုတဲ့ နှမြောတသ၊ ယူကျုံးမရမှုမျိုးလွှမ်းမိုးတာခံစားလိုက်ရပါတယ်။

အမေရိကတိုက် (မြောက်ပိုင်း – တောင်ပိုင်း) မှာ ပထမဆုံးသော ဆိုရှယ်လစ်နိုင်ငံထူထောင်သူ၊ ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ ခေနအင်အား၊ စစ်အင်အားတွေနဲ့ မောက်မာချင်တိုင်းမောက်မာနေတဲ့၊ ကမ္ဘာအနှံ့မှာ ငပွကြီးလို့ နာမည်ဆိုးနဲ့ကျော်စောနေတဲ့ အမေရိကန်နယ်ချဲ့ဘီလူးကို သူ့နှာခေါင်းအောက်ကနေ အန်တုခဲ့ရုံမက နှာခေါင်းကျည်ပွေ့တွေ့စေခဲ့သူ၊ အမေရိကန်နဲ့ အနောက်နိုင်ငံတွေရဲ့ ပိတ်ဆို့မှုတွေအမျိုးမျိုးကြားကနေ တည်ငြိမ်ကြံ့ခိုင်တဲ့ ကျူးဘားနိုင်ငံကိုထူထောင်၊ ဘက်မလိုက်လှုပ်ရှားမှုတွေမှာဦးဆောင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လုံးပန်းရင်း သဘာဝတရားကို မလွန်ဆန်နိုင်လို့ ကွယ်လွန်သွားပေမယ့် ကမ္ဘာ့ပြည်သူများရဲ့ ရင်ထဲကတော့ ဖီဒယ်လ်ကာစထရို ဆိုတဲ့ပုဂ္ဂိုလ်ကြီးဟာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။

သတိရမိပါသေးတယ်။ ဗမာပြည်ထဲမှာ တရုတ်ဖြူကျူးကျော်မှု ရှိနေသေးချိန်၊ အမေရိကန်သံရုံးနဲ့ ကောင်စစ်ဝန်ရုံးတွေရှေ့မှာ ဆန္ဒပြပွဲတွေ မကြာခဏပေါ်နေချိန်၊ ကမ္ဘာအရပ်ရပ်မှာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး ကြွေးကြော်သံနဲ့လှုပ်ရှားမှုတွေ ခြိမ့်ခြိမ့်သဲကျင်းပနေချိန်မှာ ကျူးဘားမှာ ဘာတစ္စတာအာဏာရှင်ကို ဖြုတ်ချပြီး အောင်ပွဲခံလိုက်တာဟာ တကယ်ပဲ အနောက်က နေထွက်သလို ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက တိုးတက်သူတွေရဲ့ပါးစပ်ဖျားမှာ ကာစထရိုရဲ့ နာမည်ဟာ အလွန်ရေပန်းစားနေခဲ့ပါတယ်။ အနောက်နိုင်ငံတွေမှာ ကျူးဘားစီး – ယန်ကီးနိုး **(Cuba-Si! Yankee-No!)** ဆိုတဲ့ ကြွေးကြော်သံပျံ့ဝဲနေခဲ့သလို ဗမာပြည်က စာပေလောကမှာလည်း ကျူးဘားတော်လှန်ရေးနဲ့ ကျူးဘားခေါင်းဆောင်ကြီးကို ချီးကျူးတဲ့ ကဗျာတွေစာတွေ ပလူပျံခဲ့ပါတယ်။ အရွယ်အစားအားဖြင့် အမေရိကန်က ပြည်နယ်လေးတခုလောက်တောင်မှ မရှိတဲ့၊ လူဦးရေအားဖြင့် နယူးယောက်မြို့နဲ့မတိမ်းမယိမ်းသာရှိတဲ့ နိုင်ငံတခုကို ကမ္ဘာ့ဗိုလ်ပုံအလယ်မှာ အရှုံးပေးလိုက်ရတဲ့ အိမ်ဖြူတော်က ခေါင်းဆောင်တွေဟာ ကစထရိုကို လုပ်ကြံဖို့နည်းမျိုးပေါင်းစုံ အကြိမ်ပေါင်း ၆၀၀ ကျော် ကြံစည်ခဲ့တယ် (အဲဒီအထဲက တနည်းက ကာစထရိုသောက်တဲ့ ဆေးပြင်းလိပ်မှာ အဆိပ်ထည့်ဖို့ ကြိုးစားတာ ဖြစ်ပါတယ်) ဆိုတဲ့အချက်ကိုကြည့်ရင် ကျူးဘားတော်လှန်ရေးရဲ့ဂယက်နဲ့ ဝါရှင်တန်က ခေါင်းဆောင်တွေရဲ့ အရှက်ကို ခန့်မှန်းလို့ရနိုင်ပါတယ်။ နောက်ပြီး ၁၉၆၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှာ အမေရိကန်က တနှစ်မျှလေ့ကျင့်၊ လက်နက်တပ်ဆင်ပေးထားတဲ့ ကျူးဘားက ပြေးလာတယ်ဆိုသူ ၁၅၀၀ လောက်က ကာစထရိုကို ဖြုတ်ချဖို့အတွက် အမေရိကန်စစ်သင်္ဘောတစင်းပေါ်ကနေ ချပေးတဲ့လှေတွေနဲ့ ကျူးဘားနိုင်ငံကို တက်တိုက်တဲ့အရေးအခင်း ပေါ်ခဲ့ပါတယ်။ ဒါတွေအားလုံးကို အိုက်စင်ဟာဝါအစိုးရ စီစဉ်ပြုလုပ်တာပါ။ စီအိုင်အေ အစီအစဉ်နဲ့လုပ်ခဲ့တဲ့ အဲဒီကမ်းတက်တိုက်ပွဲကြီးဟာ ဧပြီလ ၂၀ ရက်နေ့မှာပဲ သေသူသေ၊ အဖမ်းခံရသူခံရနဲ့ အဆုံးသတ်သွားပါတယ်။ ဒီအဖြစ်အပျက် ပေါ်ပေါက်ပြီးနောက် လပိုင်းအတွင်းမှာ တက်လာတဲ့ ကင်နေဒီခမျာမတော့ ပြည်တွင်းရော ပြည်ပမှာပါ အကြီးအကျယ် အဝေဖန်ခံရပါတော့တယ်။ ဒီလိုနဲ့ ကာစထရိုတို့က နောက်တနှစ်အကြာ၊ ၁၉၆၂ ခုနှစ် ဒီဇင်ဘာလထဲမှာ အဲဒီဝက်ပင်လယ်အော် **(Bay of Pigs)** အရေးအခင်းမှာဖမ်းမိခဲ့တဲ့ သုံ့ပန်း ၁၁၁၃ ဦးကို ပြန်လွှတ်ပေးလိုက်တော့ ဝါရှင်တန်အဖို့ နှစ်ပြန်ရှက်–အခံခက် ဖြစ်ခဲ့ရပါတယ်။

ဖီဒယ်ကာစထရိုကို ၁၉၂၆ ခုနှစ်မှာ ကျူးဘားကျွန်းအရှေ့ပိုင်းက ဘီရန် **(Birán,)** ဆိုတဲ့ မြို့ကလေးမှာ မွေးဖွားခဲ့တာပါ။ သူ့မိဘ များက မြေရှင်တွေပါ။ သူဟာ ငယ်စဉ်က စန်တီယာဂိုနဲ့ ဟာဗာနာတို့မှာရှိတဲ့ ပုဂ္ဂလိကသာသနာပြုကျောင်းတွေမှာ ကျောင်းနေခဲ့ပြီး ဟာဗာနာတက္ကသိုလ်မှာ ဥပဒေပညာဆည်းပူးခဲ့ပါတယ်။ အဲဒီခေတ်အဲဒီအချိန်မှာ ပညာလေးတတ်လို့သာ မာ့က်စ်ဝါဒနဲ့ထိတွေ့နိုင်တယ်လို့ဆိုရမှာပါ။

တကယ်ကျတော့ ကျူးဘားဟာ လက်တင်အမေရိကနိုင်ငံတွေထဲမှာ နောက်ဆုံးမှတရားဝင် လွတ်လပ်ရေးကို ရခဲ့တဲ့နိုင်ငံဖြစ် ပါတယ်။ ဒါပေမဲ့ စပိန်ကိုလိုနီလက်အောက်က လွတ်တယ်ဆိုတာနဲ့ပဲ ဒီကျွန်းနိုင်ငံလေးဟာ အသစ်ပေါ်ထွက်လာနေတဲ့ အမေရိကနယ် ချဲ့သမားရဲ့လက်ခုပ်ထဲကို ရောက်ခဲ့ရပါတယ်။ အမေရိကန်ဟာ အဲဒီတုန်းက

ကျူးဘားနိုင်ငံရဲ့ စီးပွားရေးတခုလုံးလိုလိုနဲ့ နိုင်ငံရေးလောကတခုလုံးကို ချုပ်ကိုင်ထားတာ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမှာ ကျူးဘားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့တဲ့ ပလတ်ပြင်ဆင်ချက် **(Platt amendment)** ဆိုတာဟာ အမေရိကန်က ဒီနိုင်ငံထဲကို စစ်ရေးအရ စွက်ဖက်ခွင့်ပြုတယ်ဆိုတာတောင် ပါရှိပါတယ်။ ၂၀ ရာစုနှစ် ပဌမတဝက်၊ နှစ်ပေါင်း ၅၀ ကျော်တိုင် ကျူးဘားပြည်သူတွေ မကျေမနပ်အောင့်အည်းနေခဲ့ရတဲ့ ခံစားချက်ဟာ ကာစထရိုတို့ရဲ့ တော်လှန်ရေးမှာ ပေါက်ကွဲထွက်လာတာပဲလို့ ပြောရမှာပါ။

ကျူးဘားနဲ့ ဖီဒယ်ကာစထရိုကို အနောက်နိုင်ငံတွေက အလွန်တရာမုန်းတီးတဲ့ နောက်အချက်တချက်က ဒီနိုင်ငံဟာ သူတို့ တတွေ မတရားပိတ်ဆို့ညစ်ပတ်ထားတဲ့ အကြားကပဲ သူ့နိုင်ငံတွင်းမှာ အရင်းရှင်–မြေရှင်စနစ်ကို ဖျက်သိမ်းနိုင်ခဲ့တာ၊ စာမတတ်မြောက်မှုကို ပပျောက်အောင် လုပ်နိုင်ခဲ့တာ၊ လူတိုင်း အိုးနဲ့အိမ်နဲ့ နေနိုင်အောင် ဖန်တီးပေးခဲ့တာ၊ ကမ္ဘာမှာ ပထမတန်းကျန်းမာရေးစနစ် (အမေရိကန်က ပိုက်ဆံရှိသူတွေတောင် သွားပြီးအကုသခံကြတယ်) ထူထောင်ခဲ့တာ၊ ကျူးဘားနိုင်ငံသားတွေရဲ့ ပျမ်းမျှ လူ့သက်တမ်းကို အများကြီးဆွဲဆန့်နိုင်ခဲ့တာ (ကျူးဘားနိုင်ငံက ပျမ်းမျှလူ့သက်တမ်းဟာ ၇၉.၃၉ နှစ်ဖြစ်ပြီး ၇၈.၉၄ နှစ်ဆိုတဲ့ အမေရိ ကန်နိုင်ငံထက်တောင် သာပါတယ်)၊ ပညာရေး၊ ယဉ်ကျေးမှုရေး၊ အားကစား စတာတွေမှာ ကမ္ဘာ့ထိပ်သီးနိုင်ငံတွေနဲ့ ရင်ဘောင်တန်း လိုက်လာနိုင်တာ စတာတွေကြောင့်လည် းဖြစ်ပါတယ်။

၁၉၅၂ ခုနှစ်မှာ ဘာတစ္စတာက ဒုတိယအကြိမ်အာဏာသိမ်းတော့ ဖီဒယ်လ်နဲ့သူ့ရဲဘော်တွေ (အဲဒီအထဲမှာ သူ့ညီရာအူးလ်၊ သူ့နှမ ဟေဒီးနဲ့မယ်လ်ဘာတို့လည်း ပါပါတယ်) ဟာ တိုက်ပွဲဝင်အဖွဲ့တဖွဲ့ ဖွဲ့စည်းပြီး ၁၉၅၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှာ စန်တီယာဂိုမှာရှိတဲ့ မွန်ကာဒါ **(Moncada)** စစ်တန်းလျားတွေကို ဝင်တိုက်ကြပါတယ်။ သူတို့ရှုံးနိမ့်ပြီး ပါဝင်သူ လူငယ် ၁၂၀ လောက်ထဲက တဝက်နီးပါးကို အာဏာရှင်အစိုးရက ဖမ်းမိပြီးနောက်မှာ သတ်ပစ်ခဲ့ပါတယ်။ အဲဒီတုန်းက အဖမ်းခံခဲ့ရတဲ့ ဖီဒယ်လ်ကာစထရိုက တရားရုံးမှာ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ရင်း လေးနာရီကြာ ပြောကြားခဲ့တဲ့ မိန့်ခွန်းထဲက နောက်ဆုံးမှာပါတဲ့ “သမိုင်းဟာငါ့ကိုအပြစ် မရှိဖော်ပြလိမ့်မယ်”(*"La historia me absolverá"*) ဆိုတဲ့မိန့်ခွန်းဟာ ကမ္ဘာတွင်ခဲ့တယ်လို့ဆိုရပါမယ်။

၁၉၅၈ခုနှစ်က ဆီယက်ထရာမယ်စ်ထရာ **(Sierra Maestra)** တောင်တန်းတွေထဲမှာ လူ ၁၂ ယောက်နဲ့ စတင်ခဲ့တဲ့ တော်လှန် ရေးဟာ ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ အာဏာရှင်ဘာတစ္စတာကို ကျူးဘားနိုင်ငံက ထွက်ပြေးသွားစေခဲ့ပါတယ်။ ဘာတစ္စ တာအစိုးရကို ပြုတ်ကျစေတဲ့ တော်လှန်ရေးရဲ့ အဆုံးပိုင်းမှာ ရက်သတ္တပတ်အကြာ မြို့ပေါ်က အလုပ်သမားသပိတ်ကြီးနဲ့လည်း ပေါင်းစပ်မိသွားလို့ ဖြစ်တယ်လို့ ဆိုကြပါတယ်။

သမိုင်းမှာ လူထုတွေအတွက် သူရဲကောင်းတွေ၊ စံနမူနာပြုစရာ လူပုဂ္ဂိုလ် လိုအပ်တဲ့ကွက်လပ်တွေ ပေါ်လာလေ့ ရှိပါတယ်။ ၂၀ ရာ စုနှစ်အတွင်း ဥရောပမှာ လီနင်–စတာလင်၊ အရှေ့အာရှမှာ မော်စီတုန်း–ဟိုချီမင်း၊ ဒီနောက် အနောက်တိုင်း အမေရိကတိုက်မှာ ကာစထရိုတို့ဟာ အဲဒီကွက်လပ်တွေကို ဖြည့်သူတွေလို့ ပြောရပါမယ်။

**ရဲဘော်အောင်ထက်**